“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၃)

အမှတ်စဉ် (၁၁/၂၀၂၃) | http://www.nugmyanmar.org | ၂၀၂၃ခုနှစ်၊ မတ်လ (၂၇) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ မြန်မာ့အရေး တရုတ်နိုင်ငံ၏ ကြားဝင်ဆောင်ရွက်ပေးမှုကို အသိအမှတ်ပြုဟု NUG ယာယီသမ္မတ ပြောကြား

မြန်မာ့အရေးအတွက် တရုတ်နိုင်ငံ၏ကြားဝင်လုပ်ဆောင်ပေးမှုကို အသိအမှတ်ပြုကာ ပိုမိုလုပ်ဆောင်ပေးရေးအတွက်လည်း တိုက်တွန်းတောင်းဆိုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက မတ်လ ၂၁ ရက် ၁၁ ကြိမ်မြောက် အစိုးရအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အကြမ်းဖက် ဖက်စစ်စစ်တပ်က မြန်မာနိုင်ငံအလယ်ပိုင်းနှင့် တိုင်းရင်းသားဒေသများတွင် ထိုးစစ်များဆင်နွှဲပြီး အကြမ်းဖက်မှုများ အဆက်မပြတ် လုပ်ဆောင်နေခြင်းကြောင့် အသက်၊ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည့် ပြည်သူများကို အကူအညီပေးနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ထိရောက်သည့် ပံ့ပိုးကူညီမှုများ လုပ်ဆောင်ပေး နိုင်ရန်ကြိုးစားနေကြောင်းလည်း ယာယီသမ္မတက ဆက်လက် ပြောကြားခဲ့သည်။ http://bit.ly/3n9aAZJ

၂။ ချင်းတော်လှန်ရေးအင်အားစုများမှာ တော်လှန်ရေးအင်အားစုအားလုံးအတွက် အတုယူ လေးစားဖွယ် ဖြစ်ကြောင်း သဝဏ်လွှာပေးပို့

အကြမ်းဖက်စစ်ကောင်စီ၏ သာလွန်အင်အား အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုအပေါ်င်းကို ရွပ်ရွပ်ချွံချွံ ပြန်လည် ခုခံတိုက်ခိုက်သည့် ချင်းတော်လှန်ရေးအင်အားစုများ၏ ခိုင်မာသော စိတ်ဓာတ်နှင့် ဇွဲ၊ လုံ့လ၊ ဝီရိယ တို့သည် တော်လှန်ရေးအင်အားစုများ အားလုံးအတွက် အတုယူလေးစားဖွယ်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက မတ်လ ၂၀ ရက် တွင် (၃၅) နှစ်မြောက် ချင်းတော်လှန်ရေးနေ့သို့ သဝဏ်လွှာပေးပို့ခဲ့သည်။ http://bit.ly/40ScIKX


အမျိုးသားညီညွတ်ရေးအစိုးရက

(၃၅) နှစ်မြောက် ချင်းတော်လှန်ရေးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်

၁။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် ကျရောက်သည့် (၃၅)နှစ်မြောက်၊ ချင်းတော်လှန်ရေးနေ့တွင် ခေတ်အဆက်ဆက် တော်လှန်ရေးအတွင်း အသက်ပေးလှူသွားကြသော ရဲမေရဲဘော်များနှင့် ချင်းလူမျိုးအားလုံးကို လေးစားစွာ ဦးညွှတ်ဂါရဝပြုပါသည်။

၂။ ယနေ့အချိန်အခါသည် စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်မှန်သမျှ အမြစ်ပြတ်ချေမှုန်းရေး၊ ချင်းအမျိုးသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ချင်းအမျိုးသားလက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည့် (၃၅) နှစ်ပြည့် ချင်းတော်လှန်ရေးနေ့အချိန်အခါဖြစ်ပါသည်။

၃။ ယခုအခါ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ဆင်နွှဲနေကြသော နွေဦးတော်လှန်ရေးတွင်လည်း အကြမ်းဖက်စစ်ကောင်စီအား တော်လှန်တိုက်ပွဲဝင်ရာ၌ CNF/CNA ရဲမေရဲဘော်များ၊ ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ချင်းလူမျိုးများ၏ စွန့်လွှတ်အနစ်နာခံမှုနှင့် ပေးဆပ်မှုတို့ကို အထူးလေးစားဂုဏ်ယူပါကြောင်း ဖော်ပြလိုပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ သာလွန်အင်အား အသုံးပြု၍ လူမဆန်သည့် အကြမ်းဖက်တိုက်ခိုက်မှုအပေါင်းကို ရွပ်ရွပ်ချွံချွံပြန်လည် ခုခံတိုက်ခိုက်သည့် ချင်းတော်လှန်ရေးအင်အားစုများ၏ ခိုင်မာသော စိတ်ဓာတ်နှင့် ဇွဲ၊လုံ့လ၊ဝီရိယတို့သည် မြန်မာနိုင်ငံအနှံ့အပြားမှ တော်လှန်ရေးအင်အားစုများ အားလုံးအတွက် အတုယူလေးစားဖွယ်ဖြစ်ပါသည်။ တစ်ဖက်မှာလည်း အကြမ်းဖက်စစ်ကောင်စီ၏ အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာကြရသူများနှင့် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးကြရသည့် ချင်းလူမျိုးများအားလုံးနှင့် ထပ်တူ ဝမ်းနည်းခံစားရပါကြောင်း အလေးအနက်ဖော်ပြလိုပါသည်။

၄။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ်ရေး၊ ချင်းအမျိုးသား၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ချင်းတော်လှန်ရေးအင်အားစုများနှင့် ချင်းတစ်မျိုးသားလုံးမှ ဆထက်တိုး ပိုမိုစွမ်းဆောင်နိုင်ပြီး အောင်မြင်မှုများကို မြန်ဆန်စွာ ရရှိနိုင်ပါစေကြောင်း ဆန္ဒပြုရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ

၃။ PTT Company ကို စင်ကာပူနိုင်ငံ အနုညာတ တရားရုံးတွင် တရားစွဲသွားမည်ဟု NUG ထုတ်ပြန်

ရတနာစီမံကိန်းရန်ပုံငွေခွဲဝေမှုနှင့်ပတ်သက်သည့်တရားဝင်တောင်းဆိုချက်များကိုPTT Exploration and Production Public Companyထံစာပေးပို့ထားပြီး တောင်းဆိုချက်များကို ပူးပေါင်းဆောင်ရွက်ခြင်း မပြုပါက စင်ကာပူနိုင်ငံ အနုညာတ တရားရုံးတွင် တရားစွဲသွားမယ်ဟု အမျိုးသားညီညွတ်ရေးအစိုးရက မတ်လ ၂၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တောင်းဆိုချက်ထဲတွင် အကြမ်းဖက်စစ်အုပ်စုထံ စာချုပ်ပါ အချက်အလက်များကို မမှန်မကန်လိုက်နာပြီး ပေးပို့ခဲ့သည့်အခွန်အကောက်များ၊ လစဉ်အစီရင်ခံစာများ၊ စစ်အာဏာလုယူပြီးနောက် ဆက်လုပ်ဆောင်ခဲ့သည့်လုပ်ငန်းများအပေါ် ဖြေရှင်းချက်တောင်းခံခြင်းနှင့် ရတနာစီမံကိန်း၏ အနာဂါတ်ပေးဆောင်မှုအားလုံးကို ပြည်သူများ၏ အကျိုးစီးပွားအတွက် အမျိုးသားညီညွတ်ရေးအစိုးရက လက်ခံသည့် အခြားငွေစာရင်းတခုနှင့် ဆောင်ရွက်ရန်ညွှန်ကြားခြင်းတို့ ဖြစ်ကြောင်းဖော်ပြထားသည်။ http://bit.ly/40xBhWC




ကာကွယ်ရေးဝန်ကြီးဌာန

၄။ စစ်ရှောင် ၁၅ ဦးကို PNDF၊ KNDF နှင့် NPT PDF တပ်ဖွဲ့များက ဝင်ရောက်ကယ်ဆယ်နိုင်ခဲ့

ရှမ်းပြည်နယ် ပင်လောင်းနယ် တောင်စလုံးရွာသို့ အကြမ်းဖက်စစ်ကောင်စီတပ် ရောက်ရှိချိန် ရွာထဲတွင် ကျန်နေသည့် စစ်ရှောင် ၁၅ ဦးကို PNDF၊ KNDF နှင့် NPT PDF တပ်ဖွဲ့များက ဝင်ရောက်ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ စစ်ရှောင် ပအိုဝ်း တိုင်းရင်းသားတစ်ဦးကိုတွေ့ရှိ၍ PNDF မှတဆင့်မေးမြန်းခဲ့ရာ ရွာထဲရှိ အိမ်တချို့တွင် သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများနှင့် စိတ်အခြေနေအဆင်မပြေသူများ ကျန်ရှိနေသေးသည်ကိုသိရ၍ စစ်ကောင်စီ စခန်းချထားသည့် နေရာနှင့် မီတာ ၅၀၀ အကွာအဝေးထိ သွားရောက်၍ အရေးပေါ်ကယ်ဆယ်ရေးကို လုပ်ဆောင်ခဲ့ရကြောင်း၊ မိသားစုနှင့် စုံစည်းနိုင်ရန် KNDF၊ PNDF တို့က ချိတ်ဆက်လုပ်ဆောင်ခဲ့ရာ မတ်လ ၂၂ရက်တွင် မိသားစုများရှိသည့် စစ်ရှောင်စခန်းကို ပို့ဆောင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ခဲ့သည်။ http://bit.ly/3K6sK7p

နိုင်ငံခြားရေးဝန်ကြီးဌာန

၅။ မြန်မာအမျိုးသမီးများနှင့် မိန်းကလေးငယ်အချို့ လူကုန်ကူးမှု၏ သားကောင်များဖြစ်နေရဟု သံအမတ်ကြီးဦးကျော်မိုးထွန်းက ကုလသမဂ္ဂဌာနချုပ်တွင်ပြောကြား

စစ်ကောင်စီတပ်၏ မတရားရက်စက်ကြမ်းကြုတ်၍ အကြမ်းဖက်သော လုပ်ရပ်များကြောင့် (၁ ဒသမ ၆) သန်းခန့်သော ပြည်သူများ ပြည်တွင်းနေရပ်စွန့်ခွာနေရပြီး (၁၇ ဒသမ ၆) သန်းကျော်သော ပြည်သူများမှာလည်း လူသားချင်းစာနာ ထောက်ထားမှုအကူအညီများကို အထူးလိုအပ်လျက်ရှိကာ နိုင်ငံ့လူဦးရေ၏ တစ်ဝက်ခန့်သော ပြည်သူများမှာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်၏အောက်သို့ရောက်ရှိနေကြောင်း၊ ယင်းအခြေအနေများကြောင့် လူပေါင်းများစွာ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လူကုန်ကူးမှုအန္တရာယ်နှင့် ကြုံတွေ့ရန် စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိလျက်ရှိကြောင်းနှင့် အချို့မှာ လူကုန်ကူးမှု၏ သားကောင်များပင် ဖြစ်နေကြလျက်ရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက မတ်လ ၂၀ ရက်တွင် နယူးယောက်မြို့ အခြေစိုက် ကုလသမဂ္ဂဌာနချုပ်၌ ပြုလုပ်သည့် "2022 Global Report on Trafficking in Persons" အစီရင်ခံစာမိတ်ဆက်ပွဲ အထူးအစီအစဉ်တွင်ပြောကြားခဲ့သည်။

http://bit.ly/3TKI6lj

၆။ CSO နှင့် NGO များ သက်ဆိုင်ရာသို့ကြိုတင်အသိပေး အကြောင်းကြားကြရန် NUG ထုတ်ပြန်အသိပေး

အကူအညီလိုအပ်နေသော ပြည်သူလူထုထံသို့ လူသားချင်းစာနာကူညီပေးမှုများ ထိထိရောက်ရောက် ပံ့ပိုးနိုင်ရန်၊ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရန်နှင့် တော်လှန်ရေးကာလဖြစ်သည့်အတွက် လုံခြုံရေးဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရန်တို့အတွက် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း များအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ထိန်းချုပ်နယ်မြေများအတွင်း စစ်တမ်းကောက်ယူခြင်း၊ ဖြတ်သန်းသွားလာခြင်းနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ သက်ဆိုင်ရာဝန်ကြီး ဌာနများသို့ ကြိုတင်အသိပေးအကြောင်းကြားပြီးမှသာ ဆောင်ရွက်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန က မတ်လ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ http://bit.ly/3TFT3EQ



၇။ တော်လှန်ရေးရဲဘော်များသည် မြေပြင်ရော ဝေဟင်ပါ ပညာရှင်များပါလာသည့်အတွက် လုပ်နိုင်စွမ်းများလာဟု ဦးမင်းကိုနိုင်ပြောကြား

တစ်နှစ်မဟာဗျူဟာသည် အစိုးရတစ်ခုတည်းအတွက် ချထားခြင်းမဟုတ်ဘဲ အဖွဲ့အစည်းအားလုံးနှင့် ညှိနှိုင်းခဲ့ရကြောင်း၊ တော်လှန်ရေး ရဲဘော်များသည် မြေပြင်ရော ဝေဟင်ရော ပညာရှင်တွေပါလာသည့်အတွက် လုပ်နိုင်စွမ်းများကြောင်း၊ စစ်အုပ်စုပိုင် စီးပွားရေးအပိုင်း၌လည်း အရေးယူမှု၊ ပိတ်ဆို့မှုတွေရှိလာသည်ကိုတွေ့ရပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းနိုင် ပြောကြားမှုလေ့လာကြည့်ရန်လိုအပ်ကြောင်းနှင့် ပိုစတာများဖြင့်ကြွေးကြော်မှုများသည် ကမ္ဘာကိုထိရောက်သည့် အဆုံးအဖြတ်ဖြစ်ကြောင်း ဦးမင်းကိုနိုင်က မတ်လ ၂၁ ရက် မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့်မြေပြင် သပိတ် အင်အားစုများ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ http://bit.ly/3lyFACg